# အမျိုးသမီး အခွင့်အရေး

ကျမ- ကုရ်အန်ကို မသိမှီ
အစ္စလာမ်ကို ဇဝေဇဝါ ဖြစ်ခဲ့။
ရိုးရာအလှ္ဘာ-
အကာ အထပ်ထပ်
ရစ်ပတ်- ထွက်မရ။
မိန်းကလေး ဖြစ်ရတာ
ဒုက္ခပါလား။
ကမ္ဘာ့ဘာသာ- ကျမ်းစာတွေ ဖတ်
မိန်းကလေး ဖြစ်ရတာ-
ဘယ်ဘာသာမှာ မြတ်သလဲပေါ့။

ဘုရားဆုပန်ခွင့် မရှိ၊
ပရော်ဖက် ဖြစ်ခွင့်မရှိ၊
ဘာသာတရားက သတ်မှတ်
အမြတ်တကာ့ အမြတ်ဆုံး
မိန်းကလေး- တစ်ယောက်အတွက်
လမ်းဆုံးနေခဲ့။
ကဲ-ဘာကောင်းသေးလဲ
မိန်းကလေး အတွက်၊
ထွက်လမ်းမရှိ၊ ပန်းတိုင်မရှိ၊
လူဖြစ်ရခြင်း ဂုဏ်ရည် နတ္ထိ။

ကုရ်အန်ကို- အပျင်းပြေဖတ်မိ
တွေ့ရှိတဲ့ အသိတွေ ပြောင်းခဲ့တယ်။
လူဟာ ဉာဏ်စဉ် (ဝဟီ) ရတာ အမြင့်ဆုံးတဲ့
အဲ့ဒီအထဲ- မယ်ရယ်ံသခင်မလည်း ပါလေရဲ့။

လူရဲ့ အမြင့်ဆုံးပန်းတိုင်
ဖို-မ မခွဲ အတူတူပဲ ရယ်လို့-
အစ္စလာမ်ကသာ ပေးနေတယ်။
ကျေးဇူးတင်လိုက်တာ- အစ္စလာမ်ရယ်
ငြိုငြင်မိသမျှ- ခဝါချမိပါရဲ့။
..........

မမီး (အစ္စလာမ် ရောင်ခြည်) မှ ကူးယူဖော်ပြသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com